ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန
mohadm@nugmyanmar.org

လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးရန် တိုက်တွန်းနှိုးဆော်ခြင်း

၂၀၂၁ခုနှစ်၊ မေလ (၃၁)ရက်

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာနအနေဖြင့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ လိုအပ်ချက်များကို မြန်မာနိုင်ငံတဝှမ်းလုံးနှင့် သက်ဆိုင်ရာဒေသအသီးသီးတွင် ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိကြသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကြက်ခြေနီလှုပ်ရှားမှု အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီက ဖွဲ့စည်းပုံအခြေခံ ဥပဒေ အား ဖောက်ဖျက်၍ တရားမဝင်အာဏာသိမ်းခဲ့ပြီးနောက် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည့် မြန်မာပြည်သူများအား သတ်ဖြတ်ခြင်း၊ မတရား ဖမ်းဆီးချုပ် နှောင်ခြင်းနှင့် အရပ်သား များနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် အခြေခံအဆောက်အဦများကို ဖျက်ဆီးချေမှုန်းခြင်းများ အပါအဝင် အစဉ်အကြမ်းဖက်ဖိနှိပ်ခြင်းအမျိုးမျိုးတို့ကို ပြုလုပ်ခဲ့သဖြင့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု ဆိုင်ရာ အကျပ်အတည်းများသည် နေ့ရာအနှံ့ပေါ်ပေါက်လျက် ရှိပါသည်။ အာဏာသိမ်းစစ်ကောင်စီ သည် လက်နက် ခဲယမ်း မီးကျောက်များဖြင့် ပစ်ခတ်နှိမ်နင်းရုံမျှမက အချို့ဒေသများတွင် အမြောက် နှင့် လေကြောင်းတပ်များကိုပါ အသုံးပြုပြီး အကြမ်းဖက် တိုက်ခိုက်လျက် ရှိပါသည်။

များမကြာမီကာလအတွင်းတွင် စစ်အာဏာရှင်အဖွဲ့သည် ချင်းပြည်နယ် မင်းတပ်မြို့၊ ကယားပြည်နယ် ဒီမောဆိုမြို့၊ လွိုင်ကော်မြို့နှင့် မယ်စဲ့မြို့များနှင့် အနီးဝန်းကျင်ရှိ ပြည်သူ များအား သာလွန်အင်အားဖြင့် အတောမသတ် အကြမ်းဖက်ဖိနှိပ်ခြင်းများသည် ၎င်းတို့၏ ကြမ်းကြုတ် ရက်စက်မှုနှင့် ဖိနှိပ်မှုကို အထင်အရှားပြသနေသည့် သာဓကများ ဖြစ်ပါသည်။ သို့သော် ယင်းကဲ့သို့ အကြမ်းဖက်ပြုမူနေသည့်ကြားမှပင် ပြည်သူများသည် မိမိတို့၏ အသက် အန္တရာယ်နှင့် မိမိတို့ချစ်ခင်သူများ၏ အသက်အန္တရာယ်ကိုပင် ဂရုမထားဘဲ ဒီမိုကရေစီရရှိရေး အတွက် မယိမ်းမယိုင်သော စိတ်ဓါတ်ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ကာ ဆက်လက် အာဏာ ဖီဆန်လျက် ရှိကြပါသည်။

ဤကဲ့သို့ ကျိုးကြောင်းဆင်ခြင်မှုမရှိဘဲ အဓိပ္ပာယ်မဲ့ အဓမ္မသတ်ဖြတ်မှုများကြောင့် အရပ်သားပြည်သူ ရာပေါင်းများစွာ အသက်ဆုံးရှုံးကာ ထောင်ပေါင်းများစွာ ထိခိုက် ဒဏ်ရာ ရရှိ ကြပြီး သောင်းနှင့်ချီသည့် ပြည်သူများသည် အိုးပစ်အိမ်ပစ်ဘဝဖြင့် လုံခြုံမှုရှိနိုင်မည့်နေရာ များသို့ ထွက်ပြေးပုန်းရှောင်နေကြရပါသည်။ မငြိမ်းချမ်းသည့် ဒေသများ၌ စစ်အာဏာသိမ်းမှု မတိုင်မီကတည်းက ရှိနှင့်ပြီးသော ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် အနီးဝန်းကျင် ဒေသ များတွင် သွားရောက်နေထိုင်ရသည့် ထိခိုက်လွယ်သူများအနေဖြင့် လူသားချင်း စာနာမှု အကူ အညီအမြောက်အများကို လိုအပ်နေဆဲဖြစ်ပါသည်။ အဆိုပါ ဒေသများရှိ လူဦးရေ တစ်သန်း နီးပါးသည် လူသားချင်းစာနာမှု အကူအညီများအပေါ်တွင် မှီခိုနေကြရပါသည်။ အဆိုပါ ဒေသ အများစုတွင် ယခုကဲ့သို့ ပဋိပက္ခအခြေအနေများ အရှိန်အဟုန်မြင့်မားလျက်ရှိပြီး စစ် အာဏာရှင်၏ ကျင့်ဝတ်စောင့်ထိန်း လိုက်နာခြင်းမရှိဘဲ အရပ်သားများနှင့် ၎င်းတို့ နေထိုင်ရာ နေရာများကို လက်လွတ်စပယ် အကြမ်းဖက် တိုက်ခိုက်ခြင်းတို့ကြောင့် ရှိနှင့်ပြီးဖြစ်သော ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေများကို ပိုမိုဆိုးရွားလာစေသည့်အပြင် ထောက်ပံ့ပေး ရမည့် လိုအပ်ချက်အသစ်များ ကိုလည်း ပေါ်ပေါက်စေလျက်ရှိပါသည်။

ယင်းကဲ့သို့ အကြမ်းဖက်မှုများကြောင့် ယခင်က အေးချမ်းစွာ နေထိုင်သွားလာ နိုင်ခဲ့ သည့် နေရာဒေသများတွင် အရေးပေါ်စားနပ်ရိက္ခာ၊ ဆေးဝါးများနှင့် အခြားသော မရှိမဖြစ် သည့် အကူအညီများ လိုအပ်လာပါသည်။ နေရာဒေသများစွာတွင် ဝင်ငွေရရှိနိုင်မည့် အခွင့် အလမ်းများကို ဖျက်ဆီးခံနေရပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားသော ဝန်ဆောင်မှု များကိုလည်း ဆိုးရွားစွာ ထိခိုက်နစ်နာစေလျက်ရှိပါသည်။

ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် အကြမ်းဖက်မှုဒဏ် ကို ခါးစည်းခံနေကြရပြီး ၎င်းတို့အတွက် စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ဆေးဝါး၊ အမိုးအကာ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကူအညီများအပြင် ကိုဗစ်-၁၉နှင့် ဆက်စပ်သည့် ထောက်ပံ့မှုများပါ ပံ့ပိုးပေးနိုင်ရန် လိုအပ်ပါသည်။

နိုင်ငံတကာနှင့်ပြည်တွင်းရှိ လူသားချင်းစာနာထောက်ထားရေး အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့်အစိုးရနှင့် ပူးပေါင်း၍ ပြည်သူလူထုအတွက် လူသားချင်းစာနာမှုကိစ္စများကို နှစ်ပေါင်းများစွာ မနားမနေ ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းကဲ့သို့ ကူညီထောက်ပံ့မှုများနှင့် ကြိုးပမ်းဆောင်ရွက် ပေးမှု များ အတွက်လည်း များစွာ ကျေးဇူးတင်ရှိပါသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံသည် အဆိုပါ လူသားချင်းစာနာထောက်ထားရေး အကူ အညီများကို ယခင်ကာလများထက် ပိုမို၍ လိုအပ်နေပါသည်။ ထို့ကြောင့် လူလူချင်း စာနာမှု ကို ပဓာနထားခြင်း၊ ဘက်မလိုက်ခြင်း၊ အမှီအခိုကင်းစွာလုပ်ဆောင်ခြင်းနှင့် ကြားနေဝါဒကို ကျင့်သုံးခြင်း အစရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမူများနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်နေကြသည့်

မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာ ဒေသအသီးသီးရှိ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ အစည်းများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ၊ ကြက်ခြေနီလှုပ်ရှားမှု အသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက အထိခိုက်လွယ်ဆုံး ပြည်သူများအား လိုအပ်သည့် ကူညီ ထောက်ပံ့မှုများ ဆက်လက် ပံ့ပိုးပေးခြင်းကို ထောက်ခံကြိုဆိုအပ်ပါသည်။

သို့ဖြစ်ရာ ခက်ခဲသောအခြေအနေသို့ ရောက်ရှိနေသည့် မြန်မာပြည်သူများဘက်မှ ရပ်တည်သွားမည်ဟု ဖေဖော်ဝါရီ ၁၂ရက်နေ့နှင့် မေလ ၂၁ ရက်နေ့များတွင် ကမ္ဘာ့ ကုလ သမဂ္ဂ အဖွဲ့ကြီးက ထုတ်ပြန်ခဲ့သည့် ကြေညာချက်များကိုလည်း အထူးပင် အလေးထားပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မေ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေညာ ချက်တွင် ပါဝင်သော အရပ်သားများနှင့် ၎င်းတို့၏ အခြေခံအဆောက်အဦများကို ကာကွယ်ပေးရန်နှင့် ဘေးကင်းပြီး တားဆီးပိတ်ဆို့မှုမရှိသည့် လူသားချင်းစာနာမှုအကူအညီများကို လက်လှမ်းမီ ရရှိစေရန်အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် ကြေညာချက်ကိုလည်း ထောက်ခံကြိုဆိုပါသည်။

လူသားချင်းစာနာကူညီမှု လုပ်ငန်းအဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် နီးနွယ်ပတ်သက်နေသော အဖွဲ့အစည်းများ အားလုံးကို တိုက်တွန်းနှိုးဆော်လိုသည်မှာ အကူအညီလိုအပ်နေသူများထံသို့ ဘေးကင်းပြီး တားဆီးပိတ်ဆို့မှု မရှိသည့် လူသားချင်းစာနာမှုအကူအညီများ အချိန်ကိုက် ရောက်ရှိစေရေး အတွက် ပံ့ပိုးကူညီပေးကြရန်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံရေး စဉ်းစား သုံးသပ်ချက်များ မပါဝင်ဘဲ လိုအပ်နေသူအားလုံးက ကူညီပံ့ပိုးမှုများကို သာတူညီမျှ ရရှိ နိုင်ရေးအတွက် အကူအညီပေးအပ်သူများနှင့် ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

လက်ရှိအချိန်အထိ လူသားချင်းစာနာကူညီမှုလုပ်ငန်းများအတွက် ရန်ပုံငွေပံ့ပိုးပေး လျက်ရှိသည့် အဖွဲ့ဝင်နိုင်ငံများနှင့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်သူလူထု၏ ရှိရင်းစွဲ လိုအပ်နေသည့် အကူအညီများအပြင် ထပ်မံပေါ် ပေါက်လာနိုင်မည့် လူသားချင်းစာနာမှု အကူအညီများအတွက်ပါ တိုးမြှင့်ထောက်ပံ့ပေးရန် တိုက်တွန်း ပန်ကြား လိုပါသည်။

အမျိုးသားညီညွတ်ရေး အစိုးရ (NUG)အနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက် နိုင်ရန်အတွက် ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါ ကြောင်း ကတိပြုပါသည်။